၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၅,၂၈၈,၈၄၂.၈၇၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၁၇၂,၈၅၅.၀၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၇.၈၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၅,၁၁၉,၅၇၁.၈၇၂ သန်းဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၅၇၈,၁၈၅.၉၁၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၉၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် MRTV နှင့် ဆက်စပ်ရုပ်သံလိုင်းများမှ ၂၀၁၈ခုနှစ်၊ (၆)လအတွက် ပေးသွင်းရန်ကြွေးကျန်များရရှိခဲ့ခြင်း၊ ၂၀၁၉-၂၀၂၀ ခု၊ ပညာသင်နှစ်အတွက် ပုံနှိပ်ခများအား ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွင်း ရရှိခဲ့ခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ကျမ်းစာအုပ်ရောင်းရငွေများ၊ အိမ်ခန်းငှားရမ်းခရငွေများ၊ ပြဒ္ဒါန်းစာအုပ် ရောင်းရငွေများ၊ အမျိုးသားဇာတ်ရုံ(မန္တလေး) ငှားရမ်းခရငွေများနှင့် ဆယ်တင်ပစ္စည်းဟောင်းရောင်းချရငွေများ ရရှိခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး မြေပုံစာအုပ်အား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းမှ အမြတ်ဝေစုရငွေများ၊ မြေပုံရောင်းရငွေများ၊ တည်နေရာဖော်ပြချက် (GCP) တန်ဖိုးရောင်းရငွေများနှင့် ဆိုင်ခန်းငှားရမ်းခ ရငွေများ ပိုမိုရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (BP/ TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ ဆိုင်ခန်းငှားရမ်းခရငွေများ၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှရရှိသည့် မှတ်ပုံတင်ကြေး၊ ဥပဒေစာအုပ်ရောင်းရငွေများနှင့် ပြည်ပမှနိုင်ငံခြားသားများ အများအပြားဝင်ရောက်လာခြင်းနှင့် နိုင်ငံခြားသား မှတ်ပုံတင်ခများပိုမိုရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်တံဆိပ်ခေါင်းရောင်းရငွေ၊ အောင်လက်မှတ်နှင့် အမှတ်စာရင်းတောင်းခံခြင်းရငွေ၊ ငှားရမ်းခရငွေများနှင့် World Bank နှင့် EU တို့မှ ပြည်ပအကူအညီ ရငွေများ ရရှိခြင်းကြောင့် လျာထားချက်ထက်ပိုမိုရခြင်း၊

ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနတွင် ခရီးလှည့်လည်ရေးလိုင်စင်ကြေး၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်ကြေးများ ပိုမိုရရှိခဲ့ခြင်း၊ ငှားရမ်းခရငွေများနှင့် Golden Triangle Paradise Resort ဟိုတယ်၏ နှစ်ဟောင်းမြေငှားရမ်းခ ကြွေးကျန်များရရှိခဲ့ခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ရငွေများရရှိလာခြင်းတို့ကြောင့် လျာထားးချက်ထက် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင်နိုတြီထောက်ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် မဲခေါင်-လန်ချန်း စီမံကိန်း အကောင်အထည်ဖော်နိုင်ခြင်းမရှိသည့်အတွက် ယင်းနှင့်ဆက်စပ်သည့် ရငွေများလျော့နည်းရရှိခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် လပြည့်ဝန်း ပလာဇာ ငှားရမ်းခရငွေများလျော့နည်းရရှိခြင်းနှင့် အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့ငွေများ လျော့နည်းရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကျောင်းလခ ကောက်ခံရငွေ၊ ဆေးဝါးဓါတ်ခွဲစမ်းသပ်ခရငွေ၊ ဆေးဝါးရောင်းရငွေနှင့် WHO ၊ UNICEF ၊ Gavi နှင့် ADB တို့မှ ပြည်ပအကူအညီရငွေများ လျာထားသည့် အတိုင်း မရရှိခြင်းတို့ကြောင့်ရငွေလျော့နည်း ရရှိခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် JICA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ထည့်ဝင်ငွေနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအတွက်ထည့်ဝင်ငွေများကို အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲရခြင်း၊ နိုင်ငံခြားအာမခံကုမ္ပဏီများ၏ နည်းပညာပိုင်းတွင် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများအား အကြံပေးဝန်ဆောင်မှုစရိတ်ကို ဒုတိယ(၆)လပတ်အတွင်းမှ ပေးချေခဲ့ရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဆီဈေးနှုန်းများမြင့်မားလာခြင်း၊ လျှပ်စစ် ဓါတ်အားခများ တိုးမြှင့်လာခြင်း၊ လုပ်ငန်းလိုအပ်ချက်အရ သုတေသနဆိုင်ရာ ပစ္စည်းများနှင့်ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်း၊ စက်ယာဉ်၊ယန္တရားနှင့်ရေယာဉ် များပြင်ဆင်မှုများပြားခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပိုမိုကျင်းပရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားသော အသက်(၂)နှစ်အောက် ကလေးများ၊ မသန်စွမ်းသူများ၊ လူမှုရေးပင်စင်များနှင့် စိတ်လူမှုရေးဆိုင်ရာ လိုအပ်သောသူများအားထောက်ပံ့ပေးခြင်း၊ အသိအမှတ်ပြု ပရဟိတဂေဟာများ၊

M&D(15-6-2018)

ဘိုးဘွားရိပ်သာများအား ဒုတိယ (၆)လပတ်အတွင်း ထောက်ပံ့ကြေးများ ထုတ်ပေးရခြင်း၊ ရေဘေးအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်စေရေးအတွက် ဖိုက်ဘာရေယာဉ်နှင့် အသက်ကယ်အင်္ကျီများ ထောက်ပံ့ရန်ဝယ်ယူခဲ့ခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနတွင် ပထမ(၆)လပတ်တွင် လျာထား ခဲ့သော စာပေယဉ်ကျေးမှုမြှင့်တင်ရေး လုပ်ငန်းအချို့အား ဒုတိယ(၆)လပတ် တွင်မှ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လက်ရှိအရာထမ်း၊ အမှုထမ်းများ၏ လစာကိုသာပေးချေခြင်း၊ ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့်လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်၊ ဧည့်ခံကျွေးမွေး စရိတ်များ ခန့်မှန်းသည်ထက် လျော့နည်းသုံးစွဲခြင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာနတွင် ဝန်ထမ်းများ အချိန်မီခန့်အပ်နိုင်မှုမရှိခြင်း၊ ရင်းနှီး မြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်တွင်း၊ ပြည်ပ သင်တန်းနှင့်အစည်းအဝေးများသို့ စေလွှတ်သူဦးရေမှာ ခန့်မှန်းထားသည်ထက် လျော့နည်းခြင်း၊ ဝန်ထမ်းသစ်များ ခန့်ထားနိုင်မှုမရှိခြင်း၊ အစည်းအဝေးပွဲ များနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲများအတွက် ဧည့်ခံကျွေးမွေးစရိတ် များ၊ အချိန်ပိုတာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကျွေးမွေးစရိတ် များကို စိစစ်သုံးစွဲခဲ့ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံး ငွေရင်းရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၁၇၃,၈၆၇.၁၅၅သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂၇,၈၀၁.၂၃၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၃.၅၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ်၂,၈၂၀,၁၅၆.၈၁၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၂,၈၆၈,၇၈၀.၉၈၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၁.၇၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂဟောင်းရောင်းရငွေများ၊ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်းယာဉ်ရရှိခဲ့ခြင်းကြောင့် ယင်းနှင့်ဆက်စပ်သည့် ပြည်ပအကူအညီရငွေ များရရှိခြင်း၊ပြန်ကြားရေးဝန်ကြီးဌာနတွင် ပထမ(၆)လပတ်တွင် စာရင်းတင်ရန် ကျန်ခဲ့သော JICA မှ ထောက်ပံ့သည့် စက်ပစ္စည်းများအတွက် ဒုတိယ(၆)လပတ်

တွင်မှ စာရင်းပါဝင်လာသောကြောင့် ယင်းနှင့်ဆက်စပ်သည့်ရငွေများ ရရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် မြင်ကွန်း ကမ်းနီ ရေတင် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအတွက် AFD (Agency France Development)မှ ထောက်ပံ့ငွေ၊ ဓါတ်ခွဲခန်းသုံးစက်ပစ္စည်းများအတွက် ACARE (Advance Center for Agricultural Research & Education)မှ ထောက်ပံ့ငွေ၊ တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ကွင်းဆက်စီမံကိန်းအတွက် ACIRA (Australian Center for International Agricultural Research) မှ ထောက်ပံ့ငွေနှင့် ခွာနာလျှာနာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အဆင့်မြှင့်တင်ခြင်း စီမံချက်အတွက် JICA မှ ထောက်ပံ့ငွေများ ပိုမိုရရှိခဲ့ခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် တောင်အာရှနှင့် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ မြန်မာနိုင်ငံတွင် စွမ်းအားမြင့် မီးဖိုများ ဖြန့်ဝေရေးစီမံကိန်းနှင့် အပူပိုင်းဒေသ သစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ် ဝန်ဆောင်မှုများနှင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးစီမံကိန်း အတွက် ပြည်ပအကူအညီရငွေအား ဒုတိယ(၆)လပတ်မှသာ ရရှိလာခြင်း တို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် မန္တလေး ဆိပ်ကမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းမှ ဆိပ်ကမ်းတည်ဆောက်မည့် မြေနေရာ အတွက် မြေယာလျော်ကြေးကိစ္စများ ညှိနှိုင်းနေဆဲဖြစ်ခြင်း၊ ဝမ်ပုံဆိပ်ကမ်း ဖွံ့ဖြိုးရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဆောက်အဦ ဖြစ်နိုင်ခြေလေ့လာခြင်း စီမံကိန်းအတွက် တင်ဒါရွေးချယ်ခဲ့သော ကုမ္ပဏီမှာ TOR အစီအစဉ်အရ နောက်ဆုတ်သွားခဲ့သဖြင့် ကြန့်ကြာခဲ့သည့် လုပ်ငန်းများအတွက် ငွေပေးချေ နိုင်မှုမရှိခြင်းကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ စက်မှု ဝန်ကြီးဌာနတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့မည့် စက်နှင့်စက်ပစ္စည်း များမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း မရောက်ရှိခဲ့ခြင်း၊ အိန္ဒိယနိုင်ငံမှ ထောက်ပံ့မည့် စက်နှင့်စက်ပစ္စည်းများမှာ အိန္ဒိယနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်ပြီး ရာသီဥတု ဆိုးရွားခြင်းကြောင့် အချိန်မီမရောက်ရှိနိုင်သဖြင့် ပြည်ပအကူအညီရငွေများ လျော့နည်းခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် JICA ၏ အကူအညီရငွေဖြင့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း တည်ထောင်ခြင်း၊ Kfw ၏ အကူအညီဖြင့် TVET Reform Programme ပြုလုပ်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်

ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ခြင်း၊ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျာထားသည့်အတိုင်း ပြည့်မီစွာမရရှိခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်း (SBR) နှင့် စီးပွားရေးသန်းခေါင်စာရင်း (Economic Census-EC) တို့အတွက် ပြည်ပ အကူအညီရငွေများမရရှိခြင်း၊ PFM Project အတွက် အသုံးစရိတ်များမှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း၏ အစီအမံဖြင့် သုံးစွဲရခြင်းဖြစ်ပြီး သုံးစွဲနိုင်သလောက်သာ အရစာရင်းတင်ပြ ရခြင်းကြောင့် ယင်းနှင့်ဆက်စပ်သည့် ပြည်ပအကူအညီရငွေများ လျော့နည်းခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တရုတ်နိုင်ငံ အကူအညီရငွေဖြင့် ကွမ်းလုံ တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ခြင်း၊ Kfw အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းများ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လုပ်ငန်းများဆောင်ရွက်ဆဲ ဖြစ်ခြင်းနှင့် အချို့လုပ်ငန်းများမှာ Retention Payment ၃% ကျန်ရှိနေခြင်း တို့ကြောင့် ပြည်ပအကူအညီရငွေများ ရယူနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။ ပြည်ထဲရေးဝန်ကြီးဌာနတွင် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကွဲမှုအဖွဲ့ရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၊၂၊၃၊၄၊၅၊၆၊၇၊၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများတွင် လိုအပ်သောလုံခြုံရေးပစ္စည်းများ ဝယ်ယူရန် နှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ ကချင်ပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့်တပ်ဖွဲ့ပိုင်အဆောက်အဦများပျက်စီးမှုကို အစားထိုး ဆောက်လုပ်ရန်အတွက် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနတွင် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် မြေငှားစာချုပ်ဖိုး၊ မြေပုံရာဇဝင်ဖိုး ကျသင့်ငွေများကို အထွေ ထွေပိုလျှံရန်ပုံငွေမှ ပေးချေခဲ့ခြင်း၊ အဆောက်အဦလုပ်ငန်းများနှင့် စက်ပစ္စည်း ဝယ်ယူရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ခဲ့ခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ပုဗ္ဗာရုံဒေဟကျောင်းဆောင်ဆေးသုတ်ခြင်း၊ တက္ကသိုလ် များတွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူခြင်း၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း၊ ပြတိုက်များ မွမ်းမံပြုပြင်ခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး

ဌာနတွင် တင်ဒါလုပ်ငန်းများ နောက်ကျခြင်းကြောင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် ကုန်ကျစရိတ်အား ဒုတိယ(၆)လပတ်မှ ပေးချေရခြင်းနှင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများလျာထားသည်ထက်ပိုမိုရရှိခြင်းကြောင့် ယင်းနှင့်ဆက်စပ်သည့်အသုံးစရိတ်များ ပိုမိုပေးချေခဲ့ရခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် စက်ပစ္စည်းများ၊ Software များ၊ထွန်စက်(၃)စီး၊ ထော်လာဂျီ(၄)စီးနှင့် လုပ်ငန်းသုံးယာဉ်များအတွက် ဒုတိယ (၆)လပတ်တွင်မှ ငွေပေးချေခဲ့ရခြင်း၊ ပင်မရုံး(၃)ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းအား အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုဆိုးရွားခြင်း၊ မြေနိမ့်ပိုင်းဖြစ်၍ ရေဝပ်နေရာများ ဖြစ်ခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ပထမ(၆)လပတ်တွင် ဆောင် ရွက်ရန် လျာထားခဲ့သော်လည်း ဒုတိယ(၆)လပတ်တွင်မှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဓါတ်အားခွဲစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဓါတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်း၊ RC (၃)ထပ်ဆောင် ဆောက်လုပ်ခြင်း၊ မြေအောက် အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများတွင် ပိုမိုသုံးစွဲခဲ့ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း...

စိုက်ပျိုးရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နေပြည်တော်ရှိ အုပ်ချုပ်ရေးဆောင် (၃)ထပ် RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ကြွေပြားခင်းခြင်း၊Color Cement ခင်းခြင်းနှင့် ပစ္စည်းထိန်းဝင်းအတွင်း အဝီစိရေတွင်း (၁)တွင်း တူးဖော်ခြင်း လုပ်ငန်းများတွင် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း၊ မော်တော်ယာဉ် (၂၁၅) စီး ပြည်ပမှဝယ်ယူခြင်းအတွက် ဝန်ဆောင်မှုကုန်ကျစရိတ်ပေးချေခြင်း၊ Landcruiser Bullet Proof နှင့် Spareparts (၂)စုံအတွက် L/C ဖွင့်ခြင်း၊ သွင်းကုန်လိုင်စင် ဖွင့်လှစ်ခြင်းတို့ကြောင့် ပိုမိုရခြင်း၊ PFM အသုံးစရိတ်ဖြင့်ကျခံသုံးစွဲသော ရုံးသုံး ပရိဘောဂများနှင့် ထမင်းစားဆောင် ဆောက်လုပ်ခြင်းတို့အတွက် ဒုတိယ(၆) လပတ်တွင်မှသာ အမှန်တကယ် ငွေပေးချေနိုင်ခဲ့ခြင်း၊ ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနတွင် စားသောက်ကုန်ထုတ်လုပ်ရေးစင်တာ တည်ဆောက်ခြင်း အတွက် ဆောက်လုပ်မည့်အဆောက်အဦကို (၁)ထပ်မှ (၂)ထပ် အဆောက်အဦ ပုံစံပြောင်းလဲဆောက်လုပ်သဖြင့် လျာထားချက်ထက်ပိုမိုရခြင်း၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနတွင် မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း၊ တင်ဒါ အောင်မြင်သည့်ကုမ္ပဏီများမှပစ္စည်းများပေးသွင်းခြင်းအတွက် ငွေပေးချေခြင်း လုပ်ငန်းများဆောင်ရွက်ရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာသံရုံး၊ ကင်ဘာရာမြို့မှ ဝန်ထမ်းနေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာအာဏာပိုင်များထံမှ ခွင့်ပြုချက်ရရှိရေးဆောင်ရွက်ရာတွင် ဒေသအခြေအနေအကန့်အသတ်များကြောင့် လုပ်ငန်းဆောင်ရွက်ခွင့် မပြုတော့ပါသဖြင့် ပိုလျှံငွေပြန်လည်အပ်နှံခဲ့ခြင်း၊ Web Portal အသစ် ရေးဆွဲခြင်းလုပ်ငန်းနှင့် e-government စနစ် အကောင်အထည်ဖော်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတွင် တင်ဒါစိစစ်ချက်အရ လျော့နည်းရခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာတွင် တင်ဒါဈေးနှုန်းလျော့နည်းခြင်းနှင့် Business Support Information System ရေးဆွဲခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်မှုမရှိသဖြင့် ပိုလျှံငွေ ပြန်လည်အပ်နှံခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၆၅၉,၁၈၉.၉၇၃ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၅၆,၇၃၈.၆၆၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၉.၂၉ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ်လျာထားချက် ကျပ် ၂၄၉,၇၃၉.၁၉၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆၃,၄၅၇.၈၄၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၅.၄၅ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်း (AIIP)အတွက် Japan ODA ချေးငွေ၊ ADSP (Agricultural Development Support Project)စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှချေးငွေ၊ လူထုဗဟိုပြုစီမံကိန်းအတွက် ချေးငွေနှင့် တစ်အိမ်သုံး ဆိုလာစနစ်လုပ်ငန်းများအတွက် NEP (National Electronic Plan)ချေးငွေများဒုတိယ(၆)လပတ်အတွင်းမှ ရရှိခဲ့ခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရွှေလီ (၁) ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော ချေးငွေနှင့် ထည့်ဝင်ငွေအတွက် စေ့ရောက်မည့် အရင်းကြိုတင်ဆပ်ငွေများတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းနှင့် ပြည်ပမှချေးယူရငွေများ လျာထားသည့်

အတိုင်းမရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ADB ချေးငွေများမှာ အတိုးပေးရခြင်းကြောင့်ချေးယူခြင်းမပြုတော့ခြင်းနှင့် ချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း အမီမပြီးစီးပါသဖြင့် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ကြွေးမြီရငွေလျော့နည်းခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံသားများဘဏ်နှင့်ကမ္ဘာ့ရတနာဘဏ်တို့မှ အမြတ်ဝေစုမရရှိခြင်းကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာန တွင် ADB Project မှ ပညာပေးသင်တန်းများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ် ရိုက်နှိပ်ရန် ချေးငွေလျော့နည်းချေးယူခြင်းနှင့် အခြေခံပညာကျောင်း (၄၈) ကျောင်း ဆောက်လုပ်ရန် ဘဏ္ဍာရေးနှစ်အမီ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကြွေးမြီရငွေလျော့နည်းခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေနှင့် ADB ချေးငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းများ လျာထားချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM Academy သင်တန်းကျောင်း ဖွင့်လှစ်နိုင်မှု မရှိခြင်းကြောင့် ပြည်တွင်း၊ ပြည်ပမှ သင်တန်းနည်းပြဆရာများ ငှားရမ်းနိုင်မှုမရှိခြင်း၊ သင်ထောက်ကူစာအုပ်စာတမ်းများနှင့် IT ပစ္စည်းများ ဝယ်ယူနိုင်မှုမရှိခြင်း၊ SEADRIF သို့ အာမခံကြေးထည့်ဝင်ငွေအတွက် Flood Risk Assessment Platform အား အပြီးသတ်ဆောင်ရွက်ဆဲဖြစ်သဖြင့် အာမခံပရီမီယံကြေး မထည့်ဝင်နိုင်ခြင်း၊ FSDP Project ဖြင့် Financial Reporting Training , Publishing Insurance Supervisory Manuals,Basic Accounting Training, Accounting Application နှင့် MIS Expert အကြံပေးငှားရမ်းခြင်းများ မပြုလုပ်နိုင်ပါသဖြင့် ကြွေးမြီရငွေ လျော့နည်းခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းများ ဆောင်ရွက်ဆဲ ဖြစ်ခြင်း၊ ADB မှ Civil Work လုပ်ငန်းများ ဆိုင်းငံ့ထားခြင်း၊ ရေကြီးနစ်မြုပ်မှုများကြောင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ရပ်နားထားရခြင်း၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးဘဏ်မှ အမြတ်ဝေစုအား နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြီးမှသာ ခွဲဝေပေးခြင်းတို့ကြောင့် ကြွေးမြီရငွေလျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် SEADRIF သို့အာမခံကြေး

ထည့်ဝင်ငွေအတွက် Flood Risk Assessment Platform အား အပြီး သတ်ဆောင်ရွက်ဆဲဖြစ်သဖြင့် အာမခံပရီမီယံကြေး မထည့်ဝင်နိုင်ခြင်း၊ JICA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ထည့်ဝင်ငွေနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ထည့်ဝင်ငွေတို့ကို အဖွဲ့အစည်းများတွင် ရင်းနှီးငွေခေါင်းစဉ်အောက်တွင် လျာထားခဲ့သော်လည်း ထောက်ပံ့ငွေအသုံး စရိတ် ငွေစာရင်းခေါင်းစဉ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သဖြင့် အဆိုပါထည့်ဝင်ငွေ အသုံးစရိတ်များအား အထွေထွေပိုလျှံရန်ပုံငွေသို့ ပြန်လည်အပ်နှံခဲ့သဖြင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင် အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၇.၈၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၇၃.၅၁ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၆၉.၂၉ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၉၄.၀၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီ ရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၁၀၈.၉၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၀၁.၇၂ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၆၅.၄၅ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၁၀၅.၁၄ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်း သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

နောက်ဆက်တွဲ(ဂ)

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၁		ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ								
	၁	အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့	၆၅,၀၀၀.၃၇၁	၂၂,၁၉၁.၈၇၄	+၄၂,၈၀၈.၄၉၇	၆၈,၁၁၈.၂၄၇	၁၇,၇၆၁.၃၂၆	+၅၀,၃၅၆.၉၂၁	၁၀၄.၈၀%	၈၀.၀၄%
		စုစုပေါင်း	၆၅,၀၀၀.၃၇၁	၂၂,၁၉၁.၈၇၄	+၄၂,၈၀၈.၄၉၇	၆၈,၁၁၈.၂၄၇	၁၇,၇၆၁.၃၂၆	+၅၀,၃၅၆.၉၂၁	၁၀၄.၈၀%	၈၀.၀၄%

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၂		ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ								
	၁	အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့	၆၅,၀၀၀.၀၀၀	၁၄,၉၄၄.၄၂၄	+၅၀,၀၅၅.၅၇၆	၆၈,၁၁၇.၇၃၅	၁၅,၃၈၀.၅၂၅	+၅၂,၇၃၇.၂၁၀	၁၀၄.၈၀%	၁၀၂.၉၂%
		စုစုပေါင်း	၆၅,၀၀၀.၀၀၀	၁၄,၉၄၄.၄၂၄	+၅၀,၀၅၅.၅၇၆	၆၈,၁၁၇.၇၃၅	၁၅,၃၈၀.၅၂၅	+၅၂,၇၃၇.၂၁၀	၁၀၄.၈၀%	၁၀၂.၉၂%

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၃		ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ								
	၁	အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့	၀.၃၇၁	၇,၂၄၇.၄၅၀	-၇,၂၄၇.၀၇၉	၀.၅၁၂	၂,၃၈၀.၈၀၁	-၂,၃၈၀.၂၈၉	၁၃၈.၀၁%	၃၂.၈၅%
		စုစုပေါင်း	၀.၃၇၁	၇,၂၄၇.၄၅၀	-၇,၂၄၇.၀၇၉	၀.၅၁၂	၂,၃၈၀.၈၀၁	-၂,၃၈၀.၂၈၉	၁၃၈.၀၁%	၃၂.၈၅%

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင်ဒုတိယ(၆)လပတ်လျာထားချက် ကျပ်၆၅,၀၀၀.၀၀၀သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၆၈,၁၁၇.၇၃၅သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၁၀၄.၈၀ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆) လပတ်လျာထားချက် ကျပ်၁၄,၉၄၄.၄၂၄သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၁၅,၃၈၀. ၅၂၅သန်းဖြစ်သဖြင့် ရာခိုင်နှုန်း၁၀၂.၉၂ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျိုးဝင်မှတ်ပုံတင်သည့်အလုပ်ဌာနများ တိုးတက်လာခြင်း၊ အာမခံအလုပ်သမားဦးရေတိုးတက်လာခြင်းနှင့် လစဉ်အမှန်ရရှိသောဝင်ငွေများဖြင့် ထည့်ဝင်ကြေးငွေများ ပေးဆောင်ရပါသဖြင့် လျာထားချက်ထက်ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ဌာနတွင်း ရာထူးတိုးမြှင့်စာမေးပွဲဖြေဆိုခြင်းခရီးစဉ်အသုံးစရိတ်များ၊ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့်အလုပ်တွင်ထိခိုက်မှု အာမခံစနစ်တွင်ပါဝင်သော အကျိုးခံစားခွင့်များသည် မမျှော်မှန်းနိုင်သောအသုံးစရိတ်များဖြစ်ခြင်း၊ ဆေးရုံကြီးများ၊ ဆေးခန်းများတွင် သုံးစွဲရန်လိုအပ်သော ဆေးဝါးများ ပိုမိုဝယ်ယူရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၀.၃၇၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၅၁၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၁၃၈.၀၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆) လပတ်လျာထားချက် ကျပ် ၇,၂၄၇.၄၅၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၃၈၀.၈၀၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၂.၈၅ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ဆောက်လုပ်ရေးလုပ်ငန်း (၅)ခုမှ နောက်ကျဒဏ်ကြေးများ ပေးသွင်းခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** တင်ဒါဈေးနှုန်းများလျော့နည်းခြင်း၊ ထားဝယ် Special Economic Zone မြေကွက်အား အုတ်တံတိုင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းသည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ မြေနေရာခွင့်ပြုမိန့် ပြန်လည်ပေးအပ်ခဲ့ရခြင်းကြောင့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ သတင်းအချက်အလက်စနစ် (SSB Information System) လုပ်ငန်းများ တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာရန် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်မရရှိသေးသဖြင့် ဆောင်ရွက်နိုင်မှု မရှိသေးခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)
နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၁		နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ								
	၁	ပြန်ကြားရေး	၉,၇၁၁.၁၅၀	၁၇,၁၉၄.၅၃၃	-၇,၄၈၃.၃၈၃	၉,၀၀၉.၁၁၃	၁၂,၉၈၀.၅၂၀	-၃,၉၇၁.၄၀၇	၉၂.၇၇%	၇၅.၄၉%
	၂	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၄၁၀,၁၈၃.၆၇၁	၅၁၂,၁၁၄.၉၉၂	-၁၀၁,၉၃၁.၃၂၁	၂၅၈,၅၅၀.၈၃၅	၃၃၈,၄၅၇.၁၁၃	-၇၉,၉၀၆.၂၇၈	၆၃.၀၃%	၆၆.၀၉%
	၃	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	၃၀၉,၇၁၀.၉၅၉	၂၆၈,၇၃၀.၇၁၉	+၄၀,၉၈၀.၂၄၀	၃၀၆,၅၁၉.၅၅၄	၂၄၅,၅၀၇.၃၀၆	+၆၁,၀၁၂.၂၄၈	၉၈.၉၇%	၉၁.၃၆%
	၄	လျှပ်စစ်နှင့်စွမ်းအင်	၃,၁၅၅,၇၄၁.၃၉၂	၃,၁၄၉,၉၁၀.၅၅၅	+၅,၈၃၀.၈၃၇	၃,၁၆၀,၃၄၀.၃၀၀	၂,၉၉၈,၈၀၉.၅၇၂	+၁၆၁,၅၃၀.၇၂၈	၁၀၀.၁၅%	၉၅.၂၀%
	၅	စက်မှု	၆၆,၈၄၇.၆၀၉	၂၂၀,၆၈၀.၉၉၉	-၁၅၃,၈၃၃.၃၉၀	၇၃,၂၆၅.၈၁၃	၁၈၇,၄၀၆.၉၈၁	-၁၁၄,၁၄၁.၁၆၈	၁၀၉.၆၀%	၈၄.၉၂%
	၆	စီမံကိန်းနှင့်ဘဏ္ဍာရေး	၆၉၄,၉၉၇.၄၃၃	၇၂၅,၁၀၈.၄၀၃	-၃၀,၁၁၀.၉၇၀	၇၅၃,၀၉၁.၈၃၁	၅၆၈,၅၅၀.၁၈၃	+၁၈၄,၅၄၁.၆၄၈	၁၀၈.၃၆%	၇၈.၄၁%
		စုစုပေါင်း	၄,၆၄၇,၁၉၂.၂၁၄	၄,၈၉၃,၇၄၀.၂၀၁	-၂၄၆,၅၄၇.၉၈၇	၄,၅၆၀,၇၇၇.၄၄၆	၄,၃၅၁,၇၁၁.၆၇၅	+၂၀၉,၀၆၅.၇၇၁	၉၈.၁၄%	၈၈.၉၂%

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၂		နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ								
	၁	ပြန်ကြားရေး	၉,၇၁၁.၁၅၀	၁၆,၇၈၂.၈၇၈	-၇,၀၇၁.၇၂၈	၉,၀၀၉.၁၁၃	၁၂,၄၅၄.၂၁၇	-၃,၄၄၅.၁၀၄	၉၂.၇၇%	၇၄.၂၁%
	၂	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၁၄၇,၆၄၄.၁၄၈	၁၃၆,၂၁၇.၈၃၆	+၁၁,၄၂၆.၃၁၂	၁၆၇,၀၂၀.၃၃၆	၁၃၁,၈၅၈.၂၃၀	+၃၅,၁၆၂.၁၀၆	၁၁၃.၁၂%	၉၆.၈၀%
	၃	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	၃၀၉,၆၉၆.၈၇၄	၂၆၅,၇၁၄.၈၃၉	+၄၃,၉၈၂.၀၃၅	၃၀၆,၅၀၈.၈၈၁	၂၄၃,၄၆၀.၄၅၆	+၆၃,၀၄၈.၄၂၅	၉၈.၉၇%	၉၁.၆၂%
	၄	လျှပ်စစ်နှင့်စွမ်းအင်	၃,၀၀၈,၅၃၁.၄၁၉	၂,၇၄၈,၂၄၈.၅၆၅	+၂၆၀,၂၈၂.၈၅၄	၃,၀၃၀,၃၁၉.၈၉၉	၂,၆၇၄,၆၃၆.၈၇၀	+၃၅၅,၆၈၃.၀၂၉	၁၀၀.၇၂%	၉၇.၃၂%
	၅	စက်မှု	၆၆,၈၀၂.၄၂၈	၈၉,၅၉၂.၆၅၄	-၂၂,၇၉၀.၂၂၆	၇၂,၆၄၁.၅၂၅	၇၉,၇၅၇.၀၄၈	-၇,၁၁၅.၅၂၃	၁၀၈.၇၄%	၈၉.၀၂%
	၆	စီမံကိန်းနှင့်ဘဏ္ဍာရေး	၅၁၆,၅၀၃.၇၃၃	၅၀၄,၈၇၅.၇၈၄	+၁၁,၆၂၇.၉၄၉	၆၃၁,၀၈၇.၂၅၅	၄၅၆,၁၂၉.၄၈၉	+၁၇၄,၉၅၇.၇၆၆	၁၂၂.၁၈%	၉၀.၃၄%
		စုစုပေါင်း	၄,၀၅၈,၈၈၉.၇၅၂	၃,၇၆၀,၄၃၂.၅၅၆	+၂၉၇,၄၅၇.၁၉၆	၄,၂၁၆,၅၈၇.၀၀၉	၃,၅၉၈,၂၉၆.၃၁၀	+၆၁၈,၂၉၀.၆၉၉	၁၀၃.၈၉%	၉၅.၆၆%

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၂		နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ								
	၁	ပြန်ကြားရေး		၄၁၁.၆၅၅	-၄၁၁.၆၅၅		၅၂၆.၃၀၃	-၅၂၆.၃၀၃		၁၂၇.၈၅%
	၂	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၁၅,၆၂၈.၃၆၈	၃၅၂,၀၁၁.၇၃၇	-၃၃၆,၃၈၃.၃၆၉	၁၁,၀၈၂.၀၈၄	၁၈၈,၀၀၈.၅၉၄	-၁၇၆,၉၂၆.၅၁၀	၇၀.၉၁%	၅၃.၄၁%
	၃	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	၁၄.၀၈၅	၃,၀၁၅.၈၈၀	-၃,၀၀၁.၇၉၅	၁၀.၆၇၃	၂,၀၄၆.၈၅၀	-၂,၀၃၆.၁၇၇	၇၅.၇၈%	၆၇.၈၇%
	၄	လျှပ်စစ်နှင့်စွမ်းအင်	-၁,၆၂၇.၃၇၇	၂၆၁,၀၄၂.၂၀၆	-၂၆၂,၆၆၉.၅၈၃	၁,၂၆၄.၁၂၉	၁၉၆,၅၈၀.၇၂၄	-၁၉၅,၃၁၆.၅၉၅		၇၅.၃၁%
	၅	စက်မှု	၄၅.၁၈၁	၅၂,၄၈၇.၃၄၉	-၅၂,၄၄၂.၁၆၈	၆၂၄.၂၈၈	၄၂,၄၁၅.၅၀၄	-၄၁,၇၉၁.၂၁၆	၁၃၈၁.၇၅%	၈၀.၈၁%
	၆	စီမံကိန်းနှင့်ဘဏ္ဍာရေး	၄,၈၃၀.၈၉၉	၁၈,၅၄၂.၈၆၉	-၁၃,၇၁၁.၉၇၀	၁,၆၇၁.၇၃၃	၁၇,၇၆၈.၂၅၈	-၁၆,၀၉၆.၅၂၅	၃၄.၆၀%	၉၅.၈၂%
		စုစုပေါင်း	၁၈,၈၉၁.၁၅၆	၆၈၇,၅၁၁.၆၉၆	-၆၆၈,၆၂၀.၅၄၀	၁၄,၆၅၂.၉၀၇	၄၄၇,၃၄၆.၂၃၃	-၄၃၂,၆၉၃.၃၂၆	၇၇.၅၆%	၆၅.၀၇%

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

စဉ်		ဝန်ကြီးဌာန / အဖွဲ့အစည်းအမည်	၂၀၁၈-၂၀၁၉ ဒုတိယ(၆)လ လျာထားချက်			၂၀၁၈-၂၀၁၉ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု			ဒုတိယ(၆)လပတ် လျာထားချက်အပေါ်	
			ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေ	အသုံးစရိတ်	ပိုငွေ(+) / လိုငွေ(-)	ရငွေရရှိမှု ရာခိုင်နှုန်း	သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း
၁		၂	၃	၄	၅	၆	၇	၈	၉(၆÷၃)	၁၀(၇÷၄)
၄		နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ								
	၁	ပြန်ကြားရေး								
	၂	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၂၄၆,၉၁၁.၁၅၅	၂၃,၈၈၅.၄၁၉	+၂၂၃,၀၂၅.၇၃၆	၈၀,၄၄၈.၄၁၅	၁၈,၅၉၀.၂၈၉	+၆၁,၈၅၈.၁၂၆	၃၂.၅၈%	၇၇.၈၃%
	၃	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး								
	၄	လျှပ်စစ်နှင့်စွမ်းအင်	၁၄၈,၈၃၇.၃၅၀	၁၄၀,၆၁၉.၇၈၄	+၈,၂၁၇.၅၆၆	၁၂၈,၇၅၆.၂၇၂	၁၂၇,၅၉၁.၉၇၈	+၁,၁၆၄.၂၉၄	၈၆.၅၁%	၉၀.၇၄%
	၅	စက်မှု		၇၈,၆၀၀.၉၉၆	-၇၈,၆၀၀.၉၉၆		၆၅,၂၄၄.၄၂၉	-၆၅,၂၄၄.၄၂၉		၈၂.၉၉%
	၆	စီမံကိန်းနှင့်ဘဏ္ဍာရေး	၁၇၃,၆၆၂.၈၀၁	၂၀၁,၆၈၉.၇၅၀	-၂၈,၀၂၆.၉၄၉	၁၂၀,၃၃၂.၈၄၃	၉၄,၆၅၂.၄၃၆	+၂၅,၆၈၀.၄၀၇	၆၉.၂၉%	၄၆.၉၃%
		စုစုပေါင်း	၅၆၉,၄၁၁.၃၀၆	၄၄၄,၇၉၅.၉၄၉	+၁၂၄,၆၁၅.၃၅၇	၃၂၉,၅၃၇.၅၃၀	၃၀၆,၀၆၉.၁၃၂	+၂၃,၄၆၈.၃၉၈	၅၇.၈၇%	၆၈.၈၁%

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ်
အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက်ကျပ် ၄,၀၅၈,၈၈၉.၇၅၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၄,၂၀၆,၅၈၇.၀၀၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၃.၈၉ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင်ဒုတိယ(၆)လပတ်လျာထားချက် ကျပ် ၃,၇၆၀,၄၃၂.၅၅၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၅၉၈,၂၉၆.၃၁၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၆၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကူးတို့လိုင်းအသစ်တိုးချဲ့ပြေးဆွဲခြင်း၊ မြန်မာ့မီးရထားတွင် ဘိလပ်မြေများကို အဓိကကုန်ပစ္စည်းအနေဖြင့် တင်ပို့နိုင်ခဲ့ခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ကုန်စည်ပို့ဆောင်ခရငွေနှင့်ယာဉ်မောင်းသင်တန်းကျောင်းမှရငွေများ ပိုမိုရရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် J0 မှ အမြတ်ဝေစု ပိုမိုရရှိခြင်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတွင် အထူးတံဆိပ်ခေါင်းများရောင်းချခြင်း၊ Online Shopping၊ အမြန်ချောပို့လုပ်ငန်းနှင့် စာပို့တိုက်စီရင်အုပ်ချုပ်မှုဆိုင်ရာရငွေများပိုမိုရရှိခြင်း၊လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ကုမ္ပဏီများမှ ပစ္စည်းပေးသွင်းမှုနောက်ကျသဖြင့် ဒဏ်ကြေးငွေများရရှိခြင်း၊ လျာထားယူနစ်ထက် ရောင်းချယူနစ်များပိုမိုခဲ့ခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ရွှေကမ်းလွန်စီမံကိန်းမှ ထုတ်လုပ်မှုပမာဏတိုးမြှင့်ရောင်းချနိုင်ခြင်းနှင့် ရဲတံခွန်(လေဆီ) ဈေးနှုန်းများလျာထားချက်ထက် မြင့်တက်ခဲ့ခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းစိမ်း ပုဆိုး/လုံချည်ရောင်းရငွေများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးရုံသုံးခုတင်များ၊ ဆေးရုံသုံးပရိဘောဂများ၊ ဆေးပတ်တီးရောင်းရငွေများ ရရှိခြင်းနှင့် ကော့စတစ်ဆိုဒါစက်ရုံ (စီမံကိန်း) ရပ်ဆိုင်းသဖြင့် NORINCO Co.,Ltd.

သို့ Down Payment ပေးသွင်းခဲ့သည့်ငွေများပြန်လည်ရရှိခဲ့ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တွင် နိုင်ငံခြားဈေးကွက် (Real Time Money Market) ၏ ရင်းနှီးမြှုပ်နှံမှု အပေါ်မှအတိုးရငွေ၊သွင်းကုန်ငွေလွှဲစာချုပ်အောက်မှ ကာလတိုကုန်သွယ်မှုချေးငွေများ၊ ထုတ်ချေးငွေအပေါ်အတိုးရငွေ၊ ကော်မရှင်နှင့်ဆောင်ရွက်မှုမှရငွေများ၊ အာမခံရငွေများနှင့်ငွေစက္ကူရိုက်နှိပ်ခရငွေများပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် အရာထမ်း၊ အမှုထမ်းများ တာဝန်အရခရီးသွားလာမှုနည်းပါး၍ ခရီးစရိတ်ထုတ်ယူမှုနည်းပါးခြင်း၊နိုင်ငံခြားမှ မှာယူထားသောကုန်ကြမ်းပစ္စည်းများအတွက် လျာထားချက်အတိုင်း ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများဝယ်ယူမှုနည်းပါးခြင်း၊ ပင်စင်လစာများ လာရောက်မထုတ်ယူခြင်း တို့ကြောင့်လျော့နည်းခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း တွင် Ambulance မော်တော်ယာဉ်များစီးရေ အပြည့်အဝမထုတ်လုပ်နိုင်ခြင်းနှင့် စက်ရုံများယာယီထုတ်လုပ်မှုရပ်ဆိုင်းထားခြင်းတို့ကြောင့် ၎င်းနှင့်ဆက်စပ်သော အသုံးစရိတ်များလျော့နည်းသုံးစွဲခဲ့ခြင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံအသီးသီးတို့မှ ကုန်ချောပစ္စည်းလက်ကျန်များကိုသာ ရောင်းချခဲ့ခြင်းကြောင့် ကုန်ကြမ်းပစ္စည်းများလျော့နည်းသုံးစွဲခြင်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ပြည်ပခရီးစရိတ်များလျော့နည်းသုံးစွဲခြင်း၊ ပြည်ပမှ ကုန်ကြမ်းပစ္စည်းများဝယ်ယူရာတွင် အချိန်မီမရောက်ရှိခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခဲ့ခြင်းတို့ကြောင့် လျော့နည်းသုံးစွဲခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၁၈,၈၉၁.၁၅၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄,၆၅၂.၉၀၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၇.၅၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ်လျာထားချက် ကျပ် ၆၈၇,၅၁၁.၆၃၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၄၄၇,၃၄၆.၂၃၃ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၆၅.၀၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် 23 MW Gas Engine for Myanaung Power Plant အတွက် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေရရှိခဲ့ခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် 66kV ဓာတ်အားလိုင်းဖြတ်သန်းရန် ရာဘာပင်များခုတ်လှဲခံရခြင်း အတွက် လျော်ကြေးရရှိခြင်း၊ ရေယာဉ်များအား ကုမ္ပဏီများသို့ လေလံတင်စနစ်ဖြင့် ရောင်းချခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် အဆောက်အဦများ ဆယ်တင်ရောင်းရငွေနှင့် စက်ပစ္စည်းဟောင်းရောင်းရငွေများရရှိခြင်း၊ အဆောက်အဦဟောင်းများ၊ စက်နှင့်စက်ပစ္စည်းများ တင်ဒါခေါ်ယူရောင်းချခြင်း၊ သံတောင်ကြီးစင်ကိုးနားစိုက်ကွင်းမြေနှင့် အပင်များစိုက်ပျိုးကုန်ကျစရိတ်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးသွင်းငွေများရရှိခြင်းကြောင့် လျာထားချက်ထက် ပိုမိုခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံအကူအညီဖြင့် JICS (Japan Myanmar International Cooperation) မှ စက်ပစ္စည်းဝယ်ယူခြင်းအတွက် စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းတွင် JICS အထောက်အပံ့ဖြင့် Train Car အစီး(၃၀) အကူအညီ ပေးရေးစီမံကိန်းမှာ Payment Schedule အရ Second Agent Fee အား တောင်းခံမှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွင် ခဲမဖြူသတ္တုစက်ရုံ (သန်လျင်)နှင့် မြိတ်မှ ပုံသေပိုင်ပစ္စည်းရောင်းချရငွေများ ပထမ(၆)လပတ်တွင် ရရှိခဲ့ခြင်းကြောင့် လျော့နည်းရခြင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Core Banking Solution လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ စက်ပစ္စည်းများ ပေးသွင်းမှုအပေါ် ငွေပေးချေရခြင်းကြောင့် လျော့နည်းခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် နေပြည်တော် သတင်းစာတိုက် ခြံစည်းရိုးကာရံခြင်း၊ ကားဂိုဒေါင်ဆောက်လုပ်ခြင်းနှင့် မြန်မာ့အလင်းသတင်းစာတိုက်ရှိ ဝန်ထမ်းအိမ်ယာတည်ဆောက်ခြင်းလုပ်ငန်းတို့အတွက်

ဒုတိယ(၆)လပတ်ရောက်ရှိမှသာ ငွေအပြည့်ပေးချေခဲ့ခြင်းကြောင့် ပိုမိုခြင်း။

(၄) ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် အချို့စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့်ဆောင်ရွက်သော ဆက်သွယ်ရေး ကွန်ယက်များအဆင့်မြှင့်တင်မှု စီမံကိန်းအတွက် တင်ဒါအောင်မြင်သည့် Sojitz Corporation နှင့် စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ၊စက်ပစ္စည်းနှင့်ရုံးသုံးစက်ကိရိယာများ၊ သစ်တိုက်ယန္တရားများ ဝယ်ယူဆောင်ရွက်ရာတွင်တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ ဈေးနှုန်းသက်သာခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတိုးမြှင့်လာသည့်အတွက် တင်ဒါမအောင်၍ စက်ပစ္စည်းအသစ်များဝယ်ယူနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် World Bank ချေးငွေဖြင့်ဆောင်ရွက်သော အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက် Phase (I) တွင် နိုင်ငံခြားမှမှာယူထားသောပစ္စည်းများမရောက်ရှိသေးခြင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် Phase(II)တွင် Advanced Payment ၁၀% သာ ပေးချေနိုင်ခြင်း၊ အကြံပေးအဖွဲ့မှ Payment ပေးပို့လာမှု မရှိသေးခြင်း၊ ဓာတ်အားလိုင်းနှင့် ခွဲရုံပစ္စည်းများဝယ်ယူရန် တင်ဒါစိစစ်ခဲ့ခြင်းနှင့် တင်ဒါအောင်မြင်မှုမရှိသဖြင့် ငွေပေးချေနိုင်မှုမရှိခြင်း၊ JICA MY-P17 နှင့် JICA MY-P20 ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအား တင်ဒါစိစစ်ခဲ့ခြင်း၊ KfW ချေးငွေဖြင့် ပစ္စည်းဝယ်ယူရေး စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် စက်ပစ္စည်းများအချိန်မီမရောက်ရှိသည့်အတွက် Custom Duty ပေးချေရာတွင်လျော့နည်းခဲ့ခြင်း၊ ၂၀ လက်မနှင့် ၁၀ လက်မ Steel Line Pipe များသည် Supplier မှ သတ်မှတ်ကာလအတွင်း ပစ္စည်းများ အချိန်မီတင်ပို့နိုင်မှုမရှိခဲ့၍ ငွေပေးချေမှုမရှိခဲ့ခြင်းကြောင့် လျော့နည်းခြင်း၊ စက်မှုဝန်ကြီးဌာန၊အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် Danieli Co.,Ltd. သို့ Interest on Late Payment အတွက် ပေးချေရမည့် တန်ဖိုးအားပေးချေနိုင်ရန်အတွက် စီးပွားရေးရာကော်မတီ၏ ပေးချေရန်ခွင့်ပြုမိန့်မရရှိသေးခြင်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းများအား တင်ဒါခေါ်ယူ

ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းများအား တင်ဒါအောင်မြင်သော ကုမ္ပဏီများမှတာဝန်ယူ တပ်ဆင်ဆောင်ရွက်ပေးခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် စက်ပစ္စည်း(၃)မျိုးအား တင်ဒါတင်သွင်းသူမရှိခြင်း၊ တင်ဒါစိစစ်ရရှိမှုသည်ခွင့်ပြုငွေထက် ကျော်လွန်သဖြင့် မဆောင်ရွက်နိုင်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းတို့ကြောင့် လျော့နည်းသုံးစွဲခြင်း။

